dvbdebate.com   facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"What chances do Minorities get?"***

ဖြစ်ပါတယ်။ (ဇွန် ၂၅ ၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "လူနည်းစုတွေ တန်းတူအခွင့်အရေးရရှိဖို့ ဘယ်လိုစိန်ခေါ်မှုတွေ ရှိနေလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

တိုင်းရင်းသားလူမျိုး ၁၃၀ကျော်နဲ့ ဖွဲ့စည်းထားတယ်လို့ဆိုတဲ့ မြန်မာနိုင်ငံမှာ ကမ္ဘာ့သက်ဆိုး အရှည်ဆုံးဖြစ်တဲ့ ပြည်တွင်းစစ်ပဋိပက္ခတွေဟာလည်း နှစ်ပေါင်း ၇၀ ကျော်အမြစ်တွယ် နေခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်း မြန်မာနိုင်ငံမှာ စစ်ဘေးရှောင်ဒုက္ခသည် အရေအတွက်များပြား လာခဲ့တယ်လို့ ပြည်တွင်းမီဒီယာတွေက ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံဒေသတွင်း လူနည်းစုဌာနတိုင်းရင်းသားတွေ ဒုတိယအများဆုံး နေထိုင်နေတဲ့ နိုင်ငံဖြစ်ပြီး လာအိုနိုင်ငံကတော့ ပထမနေရာမှာ ရှိတယ်လို့ ထိုင်းနိုင်ငံအခြေစိုက် အာရှဌာနေ တိုင်းရင်းသားများအဖွဲ့ရဲ့ သတင်းထုတ်ပြန်မှုအရသိရပါတယ်။

ကမ္ဘာ့နိုင်ငံများမှာနေထိုင်တဲ့ လူနည်းစုဌာနေတိုင်းရင်းသားစုစုပေါင်း လူဦးရေ သန်း ၃၅၀ ရှိတဲ့ အနက် တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ အရှေ့အာရှတွေမှာ နေထိုင်သူ ၇၀ ရာခိုင် နှုန်းရှိပြီး လူဦးရေ သန်း ၂၆၀ ရှိတဲ့အနက် မြန်မာနိုင်ငံမှာ နေထိုင်သူ ၄၀ ရာခိုင်နှုန်း ကျော်ရှိတာကြောင့် အာဆီယံမှာ ဒုတိယအများဆုံးနေထိုင်တဲ့နိုင်ငံဖြစ်ပါတယ်။

ဧပြီလကစတင်ပြီးတက်ရောက်လာခဲ့တဲ့ အစိုးရသစ်က တိုင်းရင်းသားရေးရာဂန်ကြီးဌာန တစ်ခု ကို ထည့်သွင်းဖွဲ့စည်းထားခဲ့တဲ့အတွက် ပြည်တွင်းစစ်နဲ့ တိုင်းရင်းသားအရေးကို ဘယ်လောက် ဆောင်ကြဉ်းပေးနိုင်မလဲဆိုတာကလည်းစိတ်ဂင်စားမှုများ ရှိနေပါတယ်။

ဒါပေမယ့်တစ်ဖက်မှာလည်း ဒီဝန်ကြီးဌာနအသစ်အနေနဲ့ တိုင်းရင်းသားတွေကို နှစ်သိမ့်ရုံ သာ ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးမှာ အဟန့်အတားဖြစ်စေနိုင်တယ်လို့ ဝေဖန် မှုရှိသလို တိုင်းရင်းသားရေးရာဝန်ကြီးဌာနဆိုခြင်းကြောင့် တိုင်းရင်းသားတွေကို တန်းတူ အခွင့် အရေးပေးပြီး နိုင်ငံအတွင်း တရားဝင်ကိုယ်စားပြုတဲ့ အစိုးရနဲ့အတူရှိတဲ့ တရားဝင် နိုင်ငံသား တွေအဖြစ် ယူဆမယ့်အစား နိုင်ငံအလယ်ပိုင်းမှာ ဗမာနိုင်ငံသား အခြေခံတစ်စုနဲ့ နိုင်ငံဘေး အစွန်အဖျားပိုင်းမှာ ကိုင်တွယ်ဖြေရှင်းရန် လိုတဲ့ တိုင်းရင်းသား လူနည်းစုတွေ ရှိတယ်လို့ သွယ် ဝိုက်ဆိုလိုရာရောက်သွားပြီး လူမှုအသိုင်းအဝိုင်းကို ပိုပြီး တသီး တခြားခွဲခြားလိုက်တဲ့ အန္တရာယ် ရှိလာနိုင်တယ်လို့လည်း ထောက်ပြမှုတွေကိုလည်းတွေ့ရပါတယ်။

ယခင်အစိုးရလက်ထက် ပထမအကြိမ်လွှတ်တော်သက်တမ်းအတွင်း လူနည်းစုတိုင်းရင်းသား အခွင့်အရေးကာကွယ်ရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်ရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားခဲ့ပြီး စာပေ၊ ဘာသာစကား ယဉ်ကျေးမှုကို ထိန်းသိမ်း စောင့်ရှောက်ပေးဖို့ ရည်ရွယ်တယ်လို့ ဆိုထားခဲ့ပါ တယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ ပညာရေးကျန်းမာရေးနဲ့စီးပွားရေး ဖွံ့ဖြိုးမှု ရရှိတဲ့ဒေသတွေဟာ တိုင်းနဲ့ ပြည်နယ်ကြီး တွေမှာပဲရှိနေပြီး ကျန်ဒေသအများအပြားနဲ့ ယှဉ်ရင်ကွာဟလွန်းနေတာ၊ ဘာသာ စကားသင်ကြားမှု၊ သယံဇာတခွဲဝေရေး စတာတွေနဲ့ ပတ်သက်ပြီး တန်းတူမျှတွေ ရရှိဖို့ ဆိုကြပါ တယ်။ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှာ တိုင်းရင်းသားလူနည်းစုတွေရဲ့ တန်းတူအခွင့်အရေးနဲ့ ပတ်သက်လို့ မတူညီတဲ့ ရှုထောင့်အမြင်တွေနဲ့ ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

## သူတို့အမြင်

"တိုင်းရင်းသားများအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်း ညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တစ်ခုလုံးငြိမ်း ချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အစဉ်တည်တံ့ခိုင်မြဲရေးအတွက် မရှိမ ဖြစ်လိုအပ်နေတဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုကိုလည်း ဖွဲ့စည်းထားပါတယ်"
**သမ္မတ ဦးထင်ကျော် ၏ပထမဆုံးလွှတ်တော်မိန့်ခွန်း**

"တိုင်းရင်းသားရေးရာလို့ ပြောတဲ့အတွက်ကြောင့်မို့လို့ အဓိကတိုင်းရင်းသားရေးရာကတော့ ကျွန်မအမြင် တိုင်းပြည်ငြိမ်းချမ်းဖို့၊ စစ်ပွဲတွေရပ်ဖို့ အဓိကဖြစ်တယ်။ နောက် ဖွံ့ဖြိုးရေးမညီမျှမှု ပေါ့။ တိုင်းရင်းသားဒေသ တွေမှာ စိုးရိမ်ပူပန်နေတဲ့ သယံဇာတထုတ် သုံးစွဲမှု၊ ခွဲဝေမှု ဒီကိစ္စတွေ အားလုံးက ဒီတိုင်းရင်းသားရေးရာဌာနက နေပြီးတော့မှကိုင်တွယ်နိုင်ပြီးတော့တစ်ဖက်ကလည်း ဖက်ဒရယ်နဲ့ပတ်သက်တဲ့ ဆွေးနွေးမှု တွေကို အထောက်အပံ့ပြုမယ်ဆို လို့ရှိရင်တော့ ကြိုဆိုရ မှာပေါ့"

**လဖိုင်ဆိုင်းရော်** - မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း တည်ထောင်သူ

"တိုင်းရင်းသားတွေရဲ့ စာပေယဉ်ကျေးမှုတွေကိုကာကွယ်ရမယ်ဆိုရင် အခုရှိနေတဲ့ ပြည် ထောင်စု ယဉ်ကျေးမှု ဂန်ကြီးဌာနက မလုပ်ပေးလို့လားလို့ မေးမယ်ဆိုရင် တည့်တည့် ပြောရ ရင် မလုပ်ပေးလို့။လက်ရှိပြည်ထောင်စုယဉ်ကျေးမှု ဂန်ကြီးဌာနဆိုတာ ဗမာကိစ္စပဲလုပ်နေတာ။ ဗမာယဉ်ကျေးမှုပဲလုပ်နေတာ။ ဗမာ့ယဉ်ကျေးမှုပဲလုပ် တဲ့အပြင် တစ်ခါတစ်ခါ တခြားတိုင်းရင်း သားတွေရဲ့ ယဉ်ကျေးမှုတွေကို ဖောက်ဖျက်ဖျက်ဆီးမှုတွေတောင် လုပ်တယ်"
**ဦးရဲထွန်း** -ရှမ်းပြည်နယ်သီပေါမဲဆန္ဒနယ်ကိုယ်စားပြုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း

***Information links:***

www.7daydaily.com

www.facebook.com/dvb.debate

www.dvbdebate.net